# မာတိကာ


| | | |
|---|---|---|
| ၁။ | အိမ်ရှင်လား အိမ်ငှားလား | ၅ |
| ၂။ | အိမ်ကြီးရှင်များ ကြားပါစေ | ၁၂ |
| ၃။ | သာသနာ့ဂိတ်မှူးများ သတိထားဖွယ် | ၁၉ |
| ၄။ | ပန်းခင်းကြီးများ | ၂၇ |
| ၅။ | ကမ္ဘာ့ဌာန်းနှင့်ဝစီပိတ်ကျင့်စဉ် | ၃၇ |
| ၆။ | သစ်ခွလိုလူသားများ | ၄၄ |
| ၇။ | သေမင်းကို အန်တုသူများ | ၅၃ |
| ၈။ | ဝင်ရိုးမကျိုးစေချင်ပါ | ၆၀ |
| ၉။ | ချိန်ကြည့်လိုက်ကြပါစို့ | ၆၈ |
| ၁၀။ | အကျင့်မှားကို မဆင့်ပွားကြစေလို | ၇၆ |
| ၁၁။ | လာဘ်မြင်၍ ဓာတ်ဆင်ကြသူများ | ၈၃ |
| ၁၂။ | ဝေလှူမတွက်သင့်ပါ | ၉၀ |
| ၁၃။ | ချမ်းသာချင်လျှင် စိတ်ကိုပြင် | ၉၉ |
| ၁၄။ | နေ့တိုင်းမင်္ဂလာဖြစ်ပါစေ | ၁၀၆ |
| ၁၅။ | လာဘအန္တရာယ် | ၁၁၄ |
| ၁၆။ | ကာထိန်ဒကာတို့စဉ်းစားစရာ | ၁၂၂ |
| ၁၇။ | ရေ့သွားနှင့်နောက်လိုက် | ၁၃၀ |
| ၁၈။ | အပေးမမှားသင့်ပါ | ၁၄၀ |
| ၁၉။ | ရဟ်တော်မှုပါဦးဘုရား | ၁၄၄ |
| ၂၀။ | သွေးအေးအေးနေချင်သလား | ၁၅၄ |
| ၂၁။ | အကြွေးတင်ထားကြလျှင်ဖြင့် | ၁၆၀ |
| ၂၂။ | လူသာမည်၍ လူမပီကြလျှင်ဖြင့် | ၁၆၉ |
| ၂၃။ | အဆုံးဘယ်သို့ သတ်ပါ့မယ် | ၁၇၉ |


## မြိုင်သုံးသပ်ချက်

ဗုဒ္ဓဘာသာနိုင်ငံများအနက် မြန်မာနိုင်ငံသည် ထေရဝါဒထွန်းကားသော နိုင်ငံတစ်ခုဖြစ်ပါသည်။ ထေရဝါဒ စည်ပင်ထွန်းကားသော နိုင်ငံဖြစ်သည့်အားလျော်စွာ ဘာသာရေးကျမ်းစာများ၊ ဓမ္မဝတ္ထုဇင်များ၊ ဓမ္မစာစောင်များ၊ ဘာသာရေးဆောင်းပါးများလည်း အများအပြား ရေးသား ပေါ်ထွက်လျက်ရှိပါသည်။ ထိုတွင် "အိမ်ကြီးရှင်များ ကြားပါစေ" ဟူသောစာအုပ်သည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ဆောင်းပါးရှင်ဆရာကြီး ပန်းဒကာကိုတင်မြင့်သည် ဘာသာရေး၊ သာသနာရေး အသိဉာဏ်များ ကြွယ်ဝလာစေရန် ရည်ရွယ်၍ ရေးသားထားခြင်း ဖြစ်ပေသည်။ ဆောင်းပါးရှင်သည် ပိဋကတ်စာပေတို့၌သာ ကျွမ်းကျင်ရုံမျှမကဘဲ ခေတ်အမြင် ခေတ်အတွေးရှိသူလည်း ဖြစ်သည်။ ရေးသားထားသော စာအုပ်မှာလည်း "လောကလည်း မဖျင်းစေနဲ့၊ ဓမ္မလည်း မယွင်းစေနဲ့" ဟူသည်နှင့်အညီ ဓမ္မရေးရာအဖြာဖြာတို့ကို ခေတ်နှင့်အညီ ပေါင်းစပ်၍ သွက်လက်ပေါ့ပါးသော ရေးသားဟန်များဖြင့် တင်ပြထားသောကြောင့် ရှင်းလင်းလွယ်ကူစွာ နားလည်မှုကို ဖြစ်စေပါသည်။



ရှေးဦးစွာ ဤစာအုပ်၌ပါရှိသော အကြောင်းအရာပိုင်း၏ အကျဉ်းချုပ်သိမှတ်ဖွယ်ရာကောင်းသောအချက်များကို ဆောင်းပါးရှင်သည် ခေါင်းစဉ်အလိုက် မာတိကာတပ်၍ ရေးသားတင်ပြထားပါသည်။ စာဖတ်သူများ သိချင်လာအောင် ခေါင်းစဉ်များကို "အိမ်ရှင်လား အိမ်ငှားလား။ သစ်ခွလိုလူသားများ၊ သွေးအေးအေးနေချင်သလား" စသည်ဖြင့် ခေတ်နှင့်အညီ အမည်ပေး၍ စာရှုသူတို့၏ စိတ်ကို နှီးနှောပေးထားပါသည်။ ဆောင်းပါးတစ်ပုဒ်ချင်းစီကိုလည်း စာပေကောင်းအင်္ဂါတို့နှင့်အညီ နိဒါန်း၊ တကိုယ်၊ နိဂုံးတို့ဖြင့် ပြည့်စုံအောင် ရေးသားထားပါသည်။ သို့သော် စာအုပ်တစ်အုပ်လုံး၏ နိဒါန်းနှင့်နိဂုံးကိုကား ရေးပြထားခြင်း မရှိခဲ့ပါ။

တစ်ဖန် အကြောင်းအရာပိုင်းတွင် ဆောင်းပါးရှင်သည် စာအုပ်ခေါင်းစဉ်နှင့် လျော်ညီအောင် အိမ်ကြီးဟူသည် မြတ်ဗုဒ္ဓ၏ သာသနာတော်ကြီးနှင့်တူကြောင်း၊ ထိုအိမ်ကြီးပေါ်၌နေထိုင်သူတို့မှာ အိမ်ရှင်လား အိမ်ငှားလား၊ အိမ်ရှင်ပီသအောင် မည်သို့ကျင့်ကြံရမည် စသည်တို့ကို ပြည့်ပြည့်စုံစုံ ရေးသားတင်ပြထားပါသည်။ စာဖတ်သူများနားလည်စေနိုင်သော ဝေါဟာရအသုံးအနှုန်းများဖြင့် သုံးနှုန်းထားပြီး ဆောင်းပါးတစ်ပုဒ်ချင်း၏ အကြောင်းအရာများကို ပေးထားသော ခေါင်းစဉ်များနှင့် လျော်ညီစွာ တစ်ပုဒ်ပြီးတစ်ပုဒ် အဆင့်ဆင့်ရေးသားတင်ပြထားပါသည်။ ရှေးဦးမှာ မိမိကိုယ်ကို အိမ်ရှင်ပီသ.မပီသ ခွဲခြားဝေဖန်တတ်စေရန် အသိပေးရေးသားပြီးနောက် ဘဝတစ်ခုကို မည်သို့မည်ပုံ အဆုံးသတ်ရမည်ကိုလည်း ရေးသားညွှန်ပြထားပါသည်။ မြတ်ဗုဒ္ဓ၏သာသနာတော်ကြီးကို တွေ့ကြုံရပါလျက် လူသာမည်၍ လူမပီသကြလျှင် မည်သို့မည်ပုံအဆုံးသတ်ရမည့်အကြောင်းတို့ကိုလည်း ပြည့်ပြည့်စုံစုံ ရေးသားတင်ပြထားသည်ကို တွေ့ရသည်။



အရေးအသားပိုင်းတွင်လည်း ဝါကျရှည်၊ ဝါကျလတ်၊ ဝါကျတိုများကို သင့်တော်သလို ထည့်သွင်းရေးပြထားပါသည်။ ဖြစ်စဉ်ပြ ရေးနည်း၊ သရုပ်ဖော်ရေးနည်း၊ ဖွင့်ဆိုရှင်းပြရေးနည်း၊ ကျိုးကြောင်းပြရေးနည်းများကိုလည်း အရာဌာန အားလျော်စွာ ရေးသားတင်ပြထားပါသည်။ ဇာတ်ဝတ္ထုများ၊ ဥပမာများ၊ အဓိပ္ပာယ်ဖွင့်ဆိုချက်များ၊ ကိုယ်တိုင်ကြုံတွေ့ရသော အတွေ့အကြုံများ၊ ဒဿနဆိုင်ရာ အယူအဆအတွေးအခေါ်များ၊ အသိပေးနှိုးဆော်ချက်များကိုလည်း သုတ၊ ရသ အဖြာဖြာ စုံလင်စွာဖြင့် ရေးသားထားပါသည်။ ပြေပြစ်သောစကားပြေ အရေးအသား၊ သွက်လက်ပေါ့ပါးသော စကားပြောဟန်အရေးအသားတို့ကြောင့် စာအုပ်မှာ ဖတ်၍ ရှမပြီး၊ မစက်မခဲ မပင်မပန်းဘဲ ခွဲမက်ဖွယ် အပြည့်ဖြင့် တည်ရှိနေပါသည်။

ဤသို့ဖြင့် ဆောင်းပါးရှင်၏ "အိမ်ကြီးရှင်များ ကြားပါစေ"ဟူသောစာအုပ်သည် စာပေကောင်း အင်္ဂါတို့နှင့်လည်းကောင်း၊ အကြောင်းအရာပိုင်း၊ အရေးအသားပိုင်း၊ ဝေါဟာရပိုင်းဟူသော ရည်ရွယ်ချက်သို့ ပို့ဆောင်ရာ ကဏ္ဍကြီးများနှင့်လည်းကောင်း ဘက်ပေါင်းစုံမှ ပြည့်စုံသောကြောင့် ရဟန်းရှင်လူ မည်သူမဆို ဘဝအတွက် အမြဲလက်ကိုင်ပြုထားသင့်သော စာပေကောင်းတစ်အုပ် ဖြစ်ကြောင်း သုံးသပ်ဖော်ပြအပ်ပါသည်။